# မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့
## နေ့စဉ်ဈေးကွက်သတင်းလွှာ

January 20 , 2023 | Volume 62, Number 14


၂၀.၁.၂၀၂၃

| | |
|---|---|
| ကမ္ဘာ့ရွှေဈေး | = ၁၉၂၇ US$ |
| မြန်မာ့ရွှေဈေး | = N/A |
| ဒေါ်လာဈေး | = ၂၈၄၅ ကျပ် |
| CBM Rate | = ၂၁၀၀ ကျပ် |
| ယူရိုတစ်ယူရို | = ၂၂၇၆.၂ ကျပ် |
| စင်္ကာပူတစ်ဒေါ်လာ | = ၁၅၈၈.၄ ကျပ် |
| စတာလင်ပေါင်တစ်ပေါင် | = ၂၅၉၃.၇ ကျပ် |
| ဩစတြေးလျတစ်ဒေါ်လာ | = ၁၄၅၆.၀ ကျပ် |
| တရုတ်ယွမ် (တစ်ယွမ်) | = ၃၀၉.၅၂ ကျပ် |
| အိန္ဒိယရူပီး (တစ်ရူပီး) | = ၂၅.၈၇၄ ကျပ် |
| ကိုရီးယားဝမ်တစ်ရာ | = ၁၆၉.၉ ကျပ် |
| မလေးရှားရင်းဂစ် | = ၄၉၀.၀၂ ကျပ် |
| ထိုင်းဘတ်တစ်ဘတ် | = ၆၄.၀၀၅ ကျပ် |

Source: CBM Rate, etrademyanmar.com



**CONTACT US**

ကုန်သွယ်မှုသတင်းအချက်လက်နှင့်
သုတေသနဌာနခွဲ

ဖုန်း ၀၁-၃၇၁၂၀၃
၀၁-၃၇၆၄၁၆
၀၁-၃၇၆၄၉၀
ဖက်စ် ၀၁- ၃၇၆၄၁၆

http://www.myantrade.gov.mm
myantradetir2016@gmail.com


## စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဦးအောင်နိုင်ဦး မြန်မာနိုင်ငံဆိုင်ရာ ထိုင်းနိုင်ငံသံအမတ်ကြီး H.E. Mr. Mongkol Visitstump ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့အားလက်ခံတွေ့ဆုံ



https://www.commerce.gov.mm

၂၀၂၃ ခုနှစ်၊ ဇန်နဝါရီလ ၁၉ ရက်နေ့၊ (၁၁:၀၀) နာရီအချိန်တွင် စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဦးအောင်နိုင်ဦးသည် မြန်မာနိုင်ငံဆိုင်ရာ ထိုင်းနိုင်ငံ သံအမတ်ကြီး H.E. Mr. Mongkol Visitstump ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့အား ပြည်ထောင်စုဝန်ကြီး၏ ညှိခန်းမ၌ လက်ခံတွေ့ဆုံခဲ့သည်။

တွေ့ဆုံစဉ် မြန်မာ-ထိုင်း နှစ်နိုင်ငံ ကုန်သွယ်ရေးပူးတွဲကော်မရှင် အစည်းအဝေးအား ဆောလျင်စွာ ပြန်လည်ကျင်းပနိုင်ရေး၊ နှစ်နိုင်ငံအကြား ကုန်သွယ်မှုမြှင့်တင်နိုင်ရေး၊ နယ်စပ်ကုန်သွယ်မှုတွင် အဆင်ပြေချောမွေ့စေရေးနှင့် နှစ်နိုင်ငံစီးပွားရေး ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာကိစ္စရပ်များအား ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးခဲ့ကြသည်။

တွေ့ဆုံပွဲသို့ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ ကုန်သွယ်ရေး ဦးစီးဌာန၊ ညွှန်ကြားရေးမှူးချုပ်နှင့် တာဝန်ရှိသူများ တက်ရောက်ခဲ့ကြကြောင်း သတင်းရရှိသည်။

**Source:** https://www.commerce.gov.mm/my/article/%E1%80%9D%E1%80%94%E1

## (၇၅) နှစ်မြောက် စိန်ရတုလွတ်လပ်ရေးနေ့ဂုဏ်ပြုအခမ်းအနားတွင် ဝန်ကြီးဌာန ကိုယ်စားပြု ပါဝင်ဆောင်ရွက်ခဲ့သည့် ဝန်ထမ်းများအား ဂုဏ်ပြုညစာစားပွဲ အခမ်းအနားသို့ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဦးအောင်နိုင်ဦးတက်ရောက်

၂၀၂၃ ခုနှစ်၊ ဇန်နဝါရီလ ၁၉ ရက်နေ့၊ (၁၈:၀၀) နာရီအချိန်တွင် နေပြည်တော်ရှိ Western Park Royal Restaurant ၌ ကျင်းပပြုလုပ်ခဲ့သည့် (၇၅) နှစ်မြောက် စိန်ရတုလွတ်လပ်ရေးနေ့ ဂုဏ်ပြုအခမ်းအနားတွင် ပါဝင်ဆောင်ရွက်ခဲ့ကြသည့် စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနမှ ဝန်ထမ်းများအား ဂုဏ်ပြုညစာ



https://www.commerce.gov.mm

စားပွဲအခမ်းအနားသို့ ပြည်ထောင်စုဝန်ကြီး ဦးအောင်နိုင်ဦး တက်ရောက်အားပေး အမှာစကားပြောကြားခဲ့သည်။

အဆိုပါ ဂုဏ်ပြုညစာစားပွဲအခမ်းအနားတွင် ပြည်ထောင်စုဝန်ကြီးက နှုတ်ခွန်းဆက် အမှာစကားပြောကြားရာ၌ (၇၅) နှစ်မြောက် စိန်ရတုလွတ်လပ်ရေးနေ့ အခမ်းအနားတွင် မိမိတို့ဝန်ကြီးဌာနအနေဖြင့် ဝန်ကြီးဌာနကိုယ်စားပြု စစ်ရေးပြတပ်ခွဲ၊ ထိုင်ကြည့်တပ်ခွဲ၊ ဂုဏ်ပြုယာဉ် (၁) စီးနှင့် ပြခန်း (၁) ခန်းတို့ ပါဝင်ပြသခဲ့ပြီး တက်ကြွစွာပါဝင်ဆောင်ရွက်ခဲ့ကြသည့် ဝန်ထမ်းများအား ဂုဏ်ပြုသောအနေဖြင့် ကျင်းပရခြင်းဖြစ်ပါကြောင်း၊ (၇၅) နှစ်မြောက် စိန်ရတုလွတ်လပ်ရေးနေ့ အခမ်းအနားသည် ကြုံတောင့်ကြုံခဲ နေ့ထူးနေ့မြတ်ဖြစ်သည့်အပြင် သမိုင်းတွင်ကျန်ရစ်မည့် နိုင်ငံတော်အဆင့် အခမ်းအနားကြီးဖြစ်သည့်အတွက် အဆိုပါအခမ်းအနားတွင် ကျရာနေရာကဏ္ဍ အလိုက် ပါဝင်ဆင်နွှဲခွင့်ရရှိခဲ့ကြသည့် ဝန်ထမ်းများအနေဖြင့်လည်း ဂုဏ်ယူရမည့် အခမ်းအနားတစ်ခုဖြစ်ပါ ကြောင်းနှင့် ဝန်ထမ်းများအနေဖြင့် စိန်ရတုလွတ်လပ်ရေးနေ့တွင် စိတ်ဓာတ်တက်ကြွစွာ ပါဝင်ခဲ့ကြခြင်းကို ဂုဏ်ယူ ပါကြောင်း ပြောကြားခဲ့သည်။

အခမ်းအနားသို့ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး၊ အမြဲတမ်းအတွင်းဝန်၊ ညွှန်ကြားရေးမှူး ချုပ်များ၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များနှင့် (၇၅) နှစ်မြောက် စိန်ရတုလွတ်လပ်ရေးနေ့ အခမ်းအနားတွင် ပါဝင်ခဲ့သော အရာထမ်း၊ အမှုထမ်းများ ပါဝင်တက်ရောက်ခဲ့ကြောင်း သတင်းရရှိသည်။

**Source:** https://www.commerce.gov.mm/my/article/%E1%80%94%E1%80%B1%E1%80%AC%E1%80%80%E

## မန္တလေးကုန်စည်ဒိုင်တွင် တရုတ်နယ်စပ်ဂိတ်များပြန်ဖွင့်၍ နှမ်းဈေးမြင့်တက်နေ

မန္တလေးကုန်စည်ဒိုင်သို့ နှမ်းဝင်ရောက်မှုနည်းနေသော်လည်း နယ်စပ်ဂိတ်တွေပြန်ဖွင့်နေတဲ့အတွက် အဝယ်တွေ သွက်နေကြောင်း တရုတ်ဝယ်လက်မှလည်း ဝယ်ယူမှုရှိသောကြောင့် ဈေးမြင့်လာကြောင်း မန္တလေးကုန်စည်ဒိုင်ဈေးကွက်မှ သိရသည်။

**နှမ်းဖြူ(ရိုးရိုး)** ၄၅ပိဿာဝင်သုံးတင်းတစ်အိတ်လျှင် ယခုတစ်ပတ်ကျပ် ၂၈၅၀၀၀ မှ ၂၉၀၀၀၀ ၊ယခင် တစ်ပတ် ကျပ် ၂၈၀၀၀၀ မှ ၂၉၀၀၀၀၊ ယခင်လကျပ် ၂၅၅၀၀၀မှ ၂၅၀၀၀၀ ဖြစ်သည်။ယခင်တစ်ပတ် ထက်ကျပ် ၅၀၀၀ ၊ယခင်လထက်ကျပ် ၃၀၀၀၀ မှ ၄၀၀၀၀ မြင့်တက်လာသည်။

**နှမ်းညို** ၄၅ပိဿာဝင်သုံးတင်းတစ်အိတ်လျှင် ယခုတစ်ပတ်ကျပ် ၂၄၅၀၀၀ ၊ ယခင် တစ်ပတ်ကျပ် ၂၂၅၀၀၀ ၊ ယခင်လကျပ် ၂၁၀၀၀၀ မှ ၂၁၅၀၀၀ ဖြစ်သည်။ ယခင်တစ်ပတ် ထက်ကျပ် ၂၀၀၀၀၊ ယခင်လထက်ကျပ် ၃၀၀၀၀ မှ ၃၅၀၀၀ မြင့်တက်လာသည်။

**နှမ်းနက်(စမုံ)** ၄၅ပိဿာဝင်သုံးတင်းတစ်အိတ်လျှင် ယခုတစ်ပတ် ကျပ် ၂၄၅၀၀၀ မှ ၃၀၀၀၀၀၊ ယခင်တစ်ပတ်ကျပ် ၂၃၀၀၀၀ မှ ၂၇၆၀၀၀၊ ယခင်လကျပ် ၂၂၀၀၀၀ မှ ၂၆၅၀၀၀ ဖြစ်သည်။ယခင်တစ်ပတ်ထက်ကျပ် ၁၅၀၀၀ မှ ၂၄၀၀၀ ၊ ယခင်လထက် ၂၅၀၀၀ မှ ၃၅၀၀၀ မြင့်တက်လာသည်။

Source: ရတနာပုံကုန်သွယ်မှုဇုံဌာန

## မန္တလေးကုန်စည်ဒိုင်တွင် မြေပဲဆန်များအဝယ်သွက်၍ ဈေးမြင့်တက်လာ

မန္တလေးကုန်စည်ဒိုင်သို့ မန္တလေးအနီးတဝိုက်နှင့် ရွှေဘို၊ မြင်းမူ၊ ကသာဘက်မှ မြေပဲဆန်အသစ်များ ဝင်ရောက် နေပြီး၊ မြေပဲဆန်များကို တရုတ်ဝယ်လက်မှဝယ်ယူနေပြီး၊ ဆီဆန်ကိုလည်း ဆီစက်သမားများမှ ဝယ်ယူနေသောကြောင့် ဈေးမြင့်လာကြောင်း မန္တလေးကုန်စည်ဒိုင်ဈေးကွက်မှ သိရသည်။

**မြေပဲလုံးဆန် (ဖြူ)** တစ်ပိဿာ ဈေးနှုန်းများမှာ ယခု တစ်ပတ် ကျပ် ၆၆၀၀ မှ ၆၉၀၀၊ ယခင် တစ်ပတ် ကျပ် ၅၃၀၀ မှ ၅၄၅၀၊ ယခင်လ ကျပ် ၅၁၀၀ မှ ၅၂၀၀ ဖြစ်ခဲ့သည်။ ယခင်တစ်ပတ်ထက် ကျပ် ၁၃၀၀ မှ ၁၄၅၀ ၊ ယခင်လထက် ကျပ် ၁၅၀၀

မှ ၁၇ဝဝ မြင့်တက်လာသည်။

**မြေပဲလုံးဆန် (နီ)** တစ်ပိဿာလျှင် ယခုတစ်ပတ် ကျပ် ၆၈ဝဝ မှ ၇ဝဝဝ၊ ယခင်တစ်ပတ်ကျပ် ၅၅ဝဝ မှ ၅၈ဝဝ၊ ယခင်လကျပ် ၆၂ဝဝ မှ ၆၆ဝဝ ဖြစ်ခဲ့သည်။ ယခင်တစ်ပတ်ထက် ကျပ် ၁၂ဝဝ မှ ၁၃ဝဝ၊ ယခင်လထက်ကျပ် ၄ဝဝ မှ ၆ဝဝ မြင့်တက်လာသည်။

**S1 ဆီဆန်** တစ်ပိဿာလျှင် ယခုတစ်ပတ် ကျပ် ၅၁၅ဝ မှ ၅၂ဝဝ၊ ယခင်တစ်ပတ်ကျပ် ၄၈ဝဝ မှ ၅ဝဝဝ၊ ယခင်လကျပ် ၄၆ဝဝ မှ ၄၇ဝဝ ဖြစ်ခဲ့သည်။ ယခင်တစ်ပတ်ထက် ကျပ် ၂ဝဝ မှ ၃၅ဝ၊ ယခင်လထက်ကျပ် ၅ဝဝ မှ ၅၅ဝ မြင့်တက်လာသည်။

**Source: ရတနာပုံကုန်သွယ်မှုဇုဟိုဌာန**

## ဗီယက်နမ်နိုင်ငံသို့ ဇန်နဝါရီလပထမပတ်က သကြားဖြူတန်ချိန် ၅ဝဝဝ တင်ပို့ထား



Source: ရတနာပုံသတင်းစာ

ဗီယက်နမ်နိုင်ငံသို့ ဇန်နဝါရီလပထမပတ်က ပြည်တွင်းထွက်ကုန်ဖြစ်သော သကြားဖြူတန်ချိန် ၅ဝဝဝ တင်ပို့ထားကြောင်း မြန်မာနိုင်ငံ သကြားနှင့်ကြံထွက်လုပ်ငန်းရှင်များအသင်း (မန္တလေးတိုင်းဒေသကြီး) ဒုတိယဥက္ကဋ္ဌ ဦးဝင်းငွေးက ပြောပြ၍ သိရသည်။

ဗီယက်နမ်နိုင်ငံသို့ ပြည်တွင်းထွက်ကုန်ဖြစ်သော သကြားဖြူတန်ချိန် ၄၅ဝဝဝ ကိုတင်ပို့ရောင်းချရန် စာချုပ်ချုပ်ဆိုထားကြောင်း၊ မြန်မာနိုင်ငံမှ သကြားစက်ရုံများက ဒီဇင်ဘာလဆန်းမှစ၍ ကြံများကို ကြိတ်ဝါးနေပြီး ၎င်းစက်ရုံများမှ ထွက်ရှိလာသည့် သကြားများကို ဇန်နဝါရီ ပထမပတ်က ဗီယက်နမ်နိုင်ငံသို့ တန်ချိန် ၅ဝဝဝ တင်ပို့ထားပြီးဖြစ်ကြောင်း၊ ကျန်တန်ချိန်များကိုလည်း ဆက်လက်တင်ပို့ရောင်းချသွားမည် ဖြစ်ကြောင်းသိရသည်။

"လက်ရှိမှာ ဗီယက်နမ်နိုင်ငံကို သကြားတင်ပို့နေပါပြီ။ ဒီဇင်ဘာလထဲမှာ သကြားစက်တွေစတင်လည်ပတ်ပြီး တန်ချိန် ၅ဝဝဝ ကိုတော့ ဇန်နဝါရီလ ပထမပတ်က ပို့ပြီးပါပြီ။ ပြည်ပမှာ သကြားဈေးက တစ်တန်ကို အမေရိကန်ဒေါ်လာ ၅၅ဝ လောက်ရှိပါတယ်။ သကြားကို အာရှနိုင်ငံတွေ၊ အနောက်နိုင်ငံတွေက ကမ်းလှမ်းတာတွေ ရှိပါတယ်။ ပြည်တွင်း စားသုံးမှုကို အဓိကဦးစားပေးတာကြောင့် အဲဒီနိုင်ငံတွေက ကမ်းလှမ်းတာကို မရောင်းချနိုင်သေးပါဘူး။ လာမဲ့နှစ်တွေမှာ ထုတ်လုပ်မှုတွေ တိုးတက်လာရင် ပို့နိုင်မယ်လို့မျှော်လင့်ပါတယ်။ ပြည်ပတင်ပို့တာက ပြည်တွင်းစားသုံးမှုဖူလုံတဲ့အတွက် တင်ပို့ရောင်းချနေတာပါ။ အဓိကကတော့ ပြည်တွင်းစားသုံးမှုဖူလုံရေးကို ဦးတည်ဆောင်ရွက်နေပါတယ်။ မြန်မာနိုင်ငံမှာ တစ်နှစ်ကို သကြားတန်ချိန် ၄၅ဝဝဝဝ ထွက်ပါတယ်" ဟု ဦးဝင်းငွေးက ပြောပြသည်။

လက်ရှိအချိန်တွင် ပဲခူးတိုင်းဒေသကြီး အရှေ့ပိုင်း၊ အနောက်ပိုင်း၊ မန္တလေးတိုင်းဒေသကြီး၊ ရှမ်းပြည်နယ် (မြောက်ပိုင်း)၊ (တောင်ပိုင်း)နှင့် စစ်ကိုင်းတိုင်းဒေသကြီးရှိ သကြားစက်ရုံများ လည်ပတ်ကာသကြားများကို ထုတ်လုပ်နေကြောင်း၊ ကြံစိုက်ဧကများအနေဖြင့် ရှမ်းပြည်နယ်နှင့် စစ်ကိုင်းတိုင်းဒေသကြီးတို့၌ အများဆုံးစိုက်ပျိုးကြပြီး ပဲခူးတိုင်းဒေသကြီးတွင် ဒုတိယအများဆုံး စိုက်ပျိုးကြကြောင်း ၎င်းက ဆက်လက်ပြောပြ၍ သိရသည်။

**Source: ရတနာပုံသတင်းစာ**

## မြန်မာ့သကြား ဝယ်ယူလိုကြောင်း ပြည်ပနိုင်ငံအချို့ ကမ်းလှမ်းသော်လည်း ရောင်းချနိုင်ခြင်းမရှိသေး

တရုတ်အပါအဝင် ပြည်ပနိုင်ငံအချို့ရဲ့ မြန်မာနိုင်ငံကထွက်ရှိတဲ့ သကြားတွေဝယ်ယူလိုကြောင်း ကမ်းလှမ်းမှုတွေ ရှိနေပေမယ့် လက်တလောမှာ တင်ပို့ရောင်းချနိုင်ခြင်းမရှိသေးဘူးလို့ မြန်မာနိုင်ငံ သကြားနှင့်ကြံထွက်ပစ္စည်းလုပ်ငန်းရှင်များ အသင်းက သိရှိရပါတယ်။

''အနောက်နိုင်ငံတွေ၊ အာရှနိုင်ငံတွေ၊ တရုတ်နိုင်ငံလည်း ကမ်းလှမ်းတာတွေရှိတယ်။ သို့သော်လည်းပဲ ပြည်တွင်း စားသုံးမှုကို အဓိကဦးစားပေးတဲ့အတွက် ကမ်းလှမ်းလည်း မရောင်းနိုင်သေးဘူး''လို့ အသင်းဒုတိယဥက္ကဋ္ဌ ဦးဝင်းငွေးက ဆိုပါတယ်။

လာမယ့် နှစ်များအတွင်း ပြည်တွင်းသကြားထုတ်လုပ်မှု တိုးတက်လာမယ်ဆိုရင် တိုးတက်လာသလို ရောင်းချနိုင်လိမ့်မယ်လို့ မျှော်လင့်ထားကြောင်း ၎င်းကဆက်ပြောပါတယ်။ လက်ရှိမှာ ဗီယက်နမ်နိုင်ငံ တစ်ခုတည်းကိုပဲ မြန်မာ့သကြားတန်ချိန် (၄) သောင်းခွဲ တင်ပို့ရောင်းချဖို့ စာချုပ်ချုပ်ဆိုထားပြီး တန်ချိန် (၅၀၀၀) ခန့်သာ တင်ပို့ရသေးတယ်လို့ သိရှိရပါတယ်။

''သကြားတွေကလည်း ဒီဇင်ဘာလမှပဲ လည်တာဆိုတော့ တန်ချိန် ၄၀၀၀၊ ၅၀၀၀ လောက်ပဲ တင်ပို့ရသေးတယ်။ ပြည်တွင်းစားသုံးမှုကိုလည်း ဖူလုံစေချင်တယ်။ အဲ့ဒီအတွက် နောက်ထပ်ပြည်ပပို့ဖို့တော့ အစီအစဉ်မရှိသေးဘူး''လို့ ဦးဝင်းဌေးက ပြောပါတယ်။

မြန်မာနိုင်ငံတဝှမ်း ကြံစိုက်ဧက (၄၃၀၀၀၀) ကျော် စိုက်ပျိုးထားပြီး ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ် ဇန်နဝါရီလမှဧပြီလကုန်အထိ ပြည်ပကို သကြားတန်ချိန် နှစ်သိန်းဝန်းကျင်ခန့် တင်ပို့ထားပါတယ်။ လက်ရှိ ကြံစိုက်ရာသီအတွင်း သကြားစက်ရုံတွေက ကြံတစ်တန်ကို ကျပ် (၉) သောင်းအထိ ဈေးဖွင့်ပေးထားပြီး အဆိုပါဈေးနှုန်းက တောင်သူနဲ့စက်ရုံများအတွက် အဆင်ပြေတဲ့နှုန်းထားဖြစ်တယ်လို့ ဦးဝင်းဌေးကဆိုထားပါတယ်။ အသင်းအနေနဲ့လာမယ့် ၂၀၂၃-၂၀၂၄ ကြံရာသီမှာ တစ်ဧကအတွက် စိုက်ပျိုးစရိတ် ကျပ် (၂) သိန်း ထောက်ပံ့ပေးသွားဖို့ စီစဉ်ထားပြီး ကြံအသစ် စိုက်ပျိုးမယ့်တောင်သူတွေကို ပေးအပ်သွားမယ်လို့ သိရှိရပါတယ်။

Source: BETV Business

## ဒါးပိန်ပန်းပုအလုပ်ရုံများမှ ရွှေတုံးဆော့ငွေပြားနင်းလာဘ်ရွှင်မင်္ဂလာဝက်ရုပ်များကို ရန်ကုန်တိုင်းဒေသကြီး အမှတ်တရလက်ဆောင်ပစ္စည်းအရောင်းဆိုင်များက မှာယူနေ



Source: ရတနာပုံသတင်းစာ

ရန်ကုန်တိုင်းဒေသကြီး ဒါးပိန်ပန်းပုကျေးရွာရှိ ပန်းပုအလုပ်ရုံများမှ ရွှေတုံးဆော့ငွေပြားနင်း လာဘ်ရွှင်မင်္ဂလာဝက်ရုပ်များကို ရန်ကုန်တိုင်းဒေသကြီး အမှတ်တရလက်ဆောင်ပစ္စည်းအရောင်းဆိုင်များက မှာယူနေကြောင်း ရန်ကုန်တိုင်းဒေသကြီး လှည်းကူးမြို့နယ် ဒါးပိန်ပန်းပုကျေးရွာရှိ မြင့်မိုရ်ဦး ပန်းပုလုပ်ငန်းပိုင်ရှင် ဦးအေးချမ်းက ပြောပြ၍သိရသည်။

၂၀၂၃ ခုနှစ် ဇန်နဝါရီလအတွက် ရန်ကုန်တိုင်းဒေသကြီးရှိ အမှတ်တရလက်ဆောင်ပစ္စည်းအရောင်းဆိုင်များက တောကြီးပိတောက်သားဖြင့် ထုလုပ်ထားသည့် ရွှေတုံးဆော့ငွေပြားနင်း လာဘ်ရွှင်မင်္ဂလာဝက်ရုပ်များကို မှာယူနေခြင်းဖြစ်ပြီး အရွယ်အစားမှာ အလျား ၁၄ လက်မ၊ အမြင့် ၉ လက်မရှိကြောင်း သိရသည်။

"ရန်ကုန်မြို့ပေါ်က အမှတ်တရလက်ဆောင်ပစ္စည်းအရောင်းဆိုင်တွေက ပြီးခဲ့တဲ့လကော၊ အခုလကော အမှာတက်လာတာက ခတ်လုံးကိုင်မင်္ဂလာနဂါးပန်းပုရုပ်၊ ရွှေတုံးဆော့ငွေပြားနင်း လာဘ်ရွှင်မင်္ဂလာဝက်ပန်းပုရုပ်တွေပဲဖြစ်ပါတယ်။ အခုကာလမှာ တရုတ်နိုင်ငံက ခရီးသွားတွေပြန်ဝင်လာတဲ့အတွက် သူတို့အကြိုက်ပန်းပုရုပ်တွေ အော်ဒါတက်လာတာဖြစ်ပါတယ်။ ပြီးခဲ့တဲ့ ဒီဇင်ဘာလကလဲ ခတ်လုံးကိုင်မင်္ဂလာနဂါးပန်းပုရုပ်တွေ အမှာတက်လာတာတွေ့ရတယ်။ အခုအော်ဒါကတော့ မင်္ဂလာဝက်ပန်းပုရုပ် ၂၀၀ ဖြစ်ပါတယ်" ဟု ဦးအေးချမ်းက ပြောပြသည်။

လက်ရှိတွင် ရန်ကုန်တိုင်းဒေသကြီးရှိ အမှတ်တရလက်ဆောင်ပစ္စည်းအရောင်းဆိုင်များကမှာယူထားသည့် အလျား ၁၄ လက်မ၊ အမြင့် ၉ လက်မအရွယ်အစား ရွှေတုံးဆော့ငွေပြားနင်းလာဘ်ရွှင်မင်္ဂလာဝက်ရုပ်တစ်ခုလျှင် ပန်းပုဈေးကွက်အတွင်း ငွေကျပ် ၇၅၀၀၀ ခန့်ရှိကြောင်း သိရသည်။

**Source: ရတနာပုံသတင်းစာ**

## ပြင်ဦးလွင် စတော်ဘယ်ရီသီးများ ဈေးကောင်းရ

မန္တလေးတိုင်းဒေသကြီး ပြင်ဦးလွင်မြို့နယ်မှ ထွက်ရှိလာသည့် စတော်ဘယ်ရီသီးများ ယခုဇန်နဝါရီလတွင် မန္တလေးမြို့ရှိ သစ်သီးပွဲရုံများသို့ စတင်ဝင်ရောက်လာပြီဖြစ်ပြီး ဈေးကောင်းရနေကြောင်း ပြင်ဦးလွင်၊ ပင်လိန်သပြေရွာမှ စတော်ဘယ်ရီ စိုက်ပျိုးရောင်းချသူ ကိုဖိုးသားကပြောသည်။

ယခင်နှစ်ကာလတူတွင် တစ်ပိဿာ ငွေကျပ် ၈၀၀၀ ဝန်းကျင်သာရရှိခဲ့သော်လည်း ယခုနှစ်ပေါ်ဦးပေါ်ဖျား၌ ပွဲရုံဝယ်ဈေး တစ်ပိဿာ ငွေကျပ် ၁၀၀၀၀ ဝန်းကျင်ရရှိသည်ဟုသိရသည်။ "ဒီဇင်ဘာလက ပုံမှန်စတော်ဘယ်ရီအသီးပေါ်ချိန်ပါ။ ကိုဗစ်-၁၉ ရောဂါအခြေအနေလည်းငြိမ်သွားတော့ နယ်တွေထိပို့နိုင်တဲ့အတွက် အဖွင့်ဈေးလည်းကောင်းတယ်။ ဒီနှစ်ပြည်တွင်း ဈေးကွက်ထဲကိုဝင်လာတဲ့ တရုတ်စတော်ဘယ်ရီသီးနဲ့ အပြိုင်ရောင်းနေရပေမယ့် ဈေးကောင်းရနေတယ်။ အထွက်များချိန် မတ်လမှာ ၂၀၀၀ လောက်တော့ရနိုင်မှာပါ"ဟု ၎င်းကပြောသည်။

ပြင်ဦးလွင် စတော်ဘယ်ရီသီးများမှာ ဧပြီလကုန်အထိ ခူးဆွတ်နိုင်ပြီး ဥတုရာသီပေါ်မူတည်၍ တစ်ကေလျှင် ပိဿာချိန် ၁၅၀၀ ခန့်ထွက်ရှိနိုင်ကြောင်း၊ အဖွင့်ဈေးကောင်းပေးကာ ရန်ကုန်နှင့်မန္တလေးမြို့များမှ သစ်သီးဒိုင်များက ဈေးပေးဝယ်ယူ ကြကြောင်းသိရသည်။ "စတော်ဘယ်ရီ အစောဆုံးထွက်သူက ပေါ်ဦးပေါ်ဖျားမို့ဈေးပိုရတာပဲ။ ဈေးကွက်ထဲအဝင်များလာတဲ့ မတ်လအတွင်းမှာ အနိမ့်ဆုံးထိဈေးကျတတ်ပြီး ဧပြီလသင်္ကြန်ပွဲလောက်မှာ ဈေးပြန်တက်လေ့ရှိတယ်"ဟု ဆက်လက် ပြောကြားသည်။

ပြင်ဦးလွင်မြို့နယ်မှ စတော်ဘယ်ရီသီးစိုက်ပျိုးမှုဖြင့် မိသားစုဝင်ငွေရှိကြပြီး အချို့ကလည်း အပန်းဖြေလာရောက် နိုင်ကြောင်းဖိတ်ခေါ်ကာ ကိုယ်တိုင်ခူးစနစ်ဖြင့် ရောင်းချမှုများနှင့် သီးနှံပွဲရုံသို့ တင်ပို့ရောင်းချခြင်းထက် အွန်လိုင်းစနစ်ဖြင့် ရောင်းချမှုများရှိကြောင်းသိရသည်။

**Source: မကွေးဂျာနယ်**

## ဘင်္ဂလားဒေ့ရှ်နိုင်ငံ စစ်တကောင်းဆိပ်ကမ်းသို့ စစ်တွေဆိပ်ကမ်းမှ ညှော့မထ ငါးမှတ်ဆန်တန်ချိန် ၂၅၀၀ ကို တိုက်ရိုက်တင်ပို့လျက်ရှိ

ဘင်္ဂလားဒေ့ရှ်နိုင်ငံ စစ်တကောင်းဆိပ်ကမ်းသို့ စစ်တွေဆိပ်ကမ်းမှ ညှော့မထငါးမှတ်ဆန်တန်ချိန် ၂၅၀၀ ကို တိုက်ရိုက် တင်ပို့လျက်ရှိကြောင်း ရခိုင်ပြည်နယ်ကုန်သည်များနှင့်စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းမှ သိရသည်။

ဘင်္ဂလားဒေ့ရှ်-မြန်မာနယ်စပ်ကုန်သွယ်မှုလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိရာတွင် ၂၀၂၂ ခုနှစ် အောက်တိုဘာလမှ ဒီဇင်ဘာလအထိ သုံးလတာကာလအတွင်း ပို့ကုန်ပမာဏ ဒေါ်လာ ၅ ဒသမ ၅၈ သန်းတင်ပို့ခဲ့ပြီး သွင်းကုန်ပမာဏ ဒေါ်လာ ၀ ဒသမ ၁၂ သန်း တင်သွင်းခဲ့သည်။

အဆိုပါသုံးလတာကာလအတွင်း မောင်တောနယ်စပ်ကုန်သွယ်ရေးစခန်းမှ ဒေါ်လာ ၁ ဒသမ ၄ သန်းခန့်သာ တင်ပို့ ခဲ့ပြီး စစ်တွေကုန်သွယ်ရေးစခန်းမှတစ်ဆင့် ကုန်သွယ်မှုပမာဏ ၄ ဒသမ ၀၈ သန်းခန့်ရှိခဲ့ကြောင်း၊ ရေထွက်ပစ္စည်းတင်ပို့မှု အများဆုံးဖြစ်ပြီး ရေချိုငါးမြစ်ချင်း ၊ ငါးသလောက်နှင့် ဒေသထွက် ငါးနီတူခြောက်များကို အများစုတင်ပို့ခဲ့ကြသည်။

၂၀၂၃ ဇန်နဝါရီ ၇ ရက်မှစတင်၍ ဘင်္ဂလားဒေ့ရှ်နိုင်ငံ စစ်တကောင်းဆိပ်ကမ်းသို့ စစ်တွေဆိပ်ကမ်းမှ ညှော့မထငါးမှတ် ဆန်တန်ချိန် ၂၅၀၀ အား တိုက်ရိုက်တင်ပို့လျက်ရှိကြောင်း သိရသည်။ ၂၀၂၁-၂၀၂၂ (Mini Budget) ခြောက်လအတွင်း မြန်မာ-ဘင်္ဂလားဒေ့ရှ် နှစ်နိုင်ငံနယ်စပ်ကုန်သွယ်မှုတွင် စစ်တွေ၊ မောင်တောနယ်စပ်ကုန်သွယ်ရေးစခန်းနှစ်ခုမှ ကုန်သွယ်မှု ဒေါ်လာ ၃၈ သန်းကျော်ရရှိခဲ့ကြောင်း စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနမှ သိရသည်။

၂၀၂၁-၂၀၂၂ ဘဏ္ဍာနှစ် (Mini Budget) အောက်တိုဘာ ၁ ရက်မှ မတ် ၃၁ ရက် အထိ ခြောက်လအတွင်း စစ်တွေ နယ်စပ်မှ ပို့ကုန်တန်ဖိုးဒေါ်လာ ၁၁ ဒသမ ၂၁၅ သန်း၊ သွင်းကုန်ဒေါ်လာ ၁၅ ဒသမ ၅၂၉ သန်းဖြင့် ကုန်သွယ်မှုပမာဏ ဒေါ်လာ ၂၆ ဒသမ ၇၄၄ သန်း ရရှိခဲ့သည်။ မောင်တောနယ်စပ် မှပို့ကုန် ဒေါ်လာ ၁၁ ဒသမ ၇၂၇ သန်း၊ သွင်းကုန် ဒေါ်လာ ၀ ဒသမ ၀၆၃ သန်းဖြင့် ကုန်သွယ်မှု ပမာဏ ဒေါ်လာ ၁၁ ဒသမ ၇၉၀ သန်းရရှိခဲ့သည်။

မြန်မာဖက်မှ ပို့ကုန်များအား ၂၀၂၁ ခု နှစ် အောက်တိုဘာ ၁၆ မှ စတင်တင်ပို့ခဲ့ပြီး ဒီဇင်ဘာ ၁၇ ရက်အထိ ကုန်သွယ်မှု စာရင်းများအရ စစ်တွေနှင့်မောင်တောစခန်းနှစ်ခုမှ ပို့ကုန်ဒေါ်လာ ၈ ဒသမ ၄၇၈ သန်းနှင့် သွင်းကုန်ဒေါ်လာ ၀ ဒသမ ၀၃၈ သန်း ကုန်သွယ်မှုပြုလုပ်ခဲ့သည်။

တင်ပို့ကုန်များထဲတွင် ရေထွက်ကုန်တန်ဖိုးဒေါ်လာ ၅ ဒသမ ၀၀၁ သန်းတင်ပို့နိုင်ခဲ့ကြောင်းနှင့် ရေချိုငါး (ငါးမြစ်ချင်း) အများဆုံးတင်ပို့ခဲ့ပြီး ရခိုင်ဒေသထွက် ငါးမုတ်မဲ၊ ငါးနီတူခြောက်၊ ငါးနုပ်ခြောက်နှင့်ငါးစုံကလေးခြောက်တို့ကို တင်ပို့နိုင်ခဲ့သည်။

**Source:** https://news-eleven.com/article/243287

## တရုတ်နိုင်ငံမှ 'အဆိပ်သင့်' ကဏန်းများကို ထိုင်ဝမ်ပိတ်ပင်


https://www.foodindustrydirectory.com.mm


https://www.foodindustrydirectory.com.mm

ကျန်းမာရေး အရာရှိများက ဒိုင်အောက်စင် မြင့်မားစွာ ပါဝင်နေကြောင်းတွေ့ရှိပြီးနောက် ထိုင်ဝမ်ကျွန်းသည် တရုတ်နှစ်သစ်ကူးအတွက် ကဏန်းအရေအတွက် လျော့ကျတော့မည်ဖြစ်သည်။

"ရှန်ဟိုင်းအမွေးကဏန်း"ဟု ထိုင်ဝမ်တွင် အများအားဖြင့်သိကြသည့် တရုတ်လက်အိတ်ကဏန်း (mitten crab) များကို တရုတ်နှစ်သစ်ကူးများတွင် စားသောက်ကြသည်။ လူကြိုက်များသည့် ကဏန်းဖြစ်သည်။

တရုတ်ပြည်မကြီးမှ ၆,၄၀၀ ကီလိုဂရမ် အလေးချိန်ရှိသော အဆိုပါကဏန်းအရှင်များတင်ပို့မှုကို ထိုင်ဝမ်ကျန်းမာရေးတာဝန်ရှိသူများက ပိတ်ပင်လိုက်သည်။ လူကြိုက်များသော ပင်လယ်စာ ရှန်ဟိုင်းအမွေးကဏန်းများတွင် အဆိပ်အတောက်များ ပါနေသည်ဟုဆိုသည်။

ထိုင်ဝမ်အာဏာပိုင်များသည် လွန်ခဲ့သည့် ၂ နှစ်အတွင်း ကဏန်းများနှင့် ပတ်သက်သော အစားအစာဘေးကင်းရေး ပြဿနာကို ပထမဆုံးအကြိမ် ဖော်ထုတ်ခဲ့ခြင်းဖြစ်သည်။

အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဌာန FDA သည် တရုတ်နိုင်ငံမှ လက်အိတ်ကဏန်း တစ်သုတ်ကို ဝင်ခွင့်မပြုပေ။ ဒိုင်အောက်စင်နှင့် ဒိုင်အောက်စင်ကဲ့သို့သော ဓာတုပစ္စည်းများ ပမာဏပါဝင်မှု များပြားနေသည်ဟုဆိုသည်။ FDA ၏ ညွှန်ကြားရေးမှူးချုပ် Wu Shou-mei က ကဏန်းများပိတ်ပင်မှုသည် သိပ္ပံနည်းကျစစ်ဆေးခြင်း ရလဒ်အပေါ်အခြေခံ၍ ဆုံးဖြတ်ခြင်းဖြစ်ကြောင်း ပြောကြားသည်။

ယမန်နှစ်တွင် ရေလက်ကြားတင်းမာမှု မြင့်တက်ခဲ့ပြီးနောက် ပြည်မကြီးမှ ထိုင်ဝမ်စားသောက်ကုန် အမျိုးအမည်အများအပြားတို့ကို တင်သွင်းမှုရပ်ဆိုင်းလိုက်ခြင်းအပေါ် တုံ့ပြန်ခြင်းမဟုတ်ကြောင်း ပြည်တွင်းမီဒီယာသို့ ပြောကြားခဲ့သည်။

ဒိုင်အောက်စင် dioxin သည် ခရုခွံအပါအဝင် တိရစ္ဆာန်များ၏ အဆီတစ်သျှူးများတွင် ညစ်ညမ်းစေသော အဆိပ်အတောက်များ စုပုံနေခြင်းကြောင့် ကမ္ဘာတစ်ဝှမ်းတွင် ဖြစ်ပေါ်နေသည့်ပြဿနာဖြစ်ကြောင်း ကမ္ဘာ့ကျန်းမာရေးအဖွဲ့၏ အချက်အလက်အရ သိရသည်။

ဒိုင်အောက်စင် အလွန်အမင်းအဆိပ်သင့်နေသည်ကို စားသုံးမိပါက ကင်ဆာဖြစ်စေနိုင်ပြီး မျိုးပွားမှုဆိုင်ရာပြဿနာများနှင့် ခုခံအားစနစ်ကို ထိခိုက်နိုင်သည်ဟု WHO မှ ပြောကြားခဲ့သည်။

**Source: Bangkokpost**

https://www.foodindustrydirectory.com.mm/food-industry/cuisine/chinese/item/5646-taiwan-metten-crabs.html

## ကုမ္ပဏီများ၌ အမည်ခံဒါရိုက်တာခန့်အပ်ခြင်းနှင့် အမည်ခံရှယ်ယာရှင်ထားရှိခြင်းကို လုံးဝခွင့်ပြုမည် မဟုတ်ကြောင်း ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာနက အမိန့်ထုတ်

ကုမ္ပဏီများ အမည်ခံဒါရိုက်တာထားရှိခြင်းနှင့် အမည်ခံရှယ်ယာရှင်ထားရှိခြင်း လက်မခံတော့ဟု ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာနက အမိန့်ထုတ်ပြန်ကြေညာထားကြောင်းသိရသည်။ ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွား ဆက်သွယ်ရေးဝန်ကြီးဌာန လက်အောက်ရှိ ရင်းနှီးမြှုပ်နှံမှုနှင့်ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာနက ဇန်နဝါရီလ (၁၇)ရက် ရက်စွဲဖြင့် ကြေညာထားခြင်းဖြစ်သည်။

အဆိုပါ ထုတ်ပြန်ကြေညာချက်အရ ဒါရိုက်တာများ၏ ရရန်ပိုင်ခွင့်နှင့် တာဝန်ရှိမှုများနှင့်စပ်လျဉ်း၍ ဒါရိုက်တာရာထူး ခန့်အပ်ထားခြင်း မရှိစေကာမူ ကုမ္ပဏီကိစ္စများကို ညွှန်ကြားသူ၊ ထိန်းချုပ်သူများကို ဒါရိုက်တာအဖြစ်သတ်မှတ်ကြောင်း ပြဌာန်းထားပြီးဖြစ်သည့်အတွက် ဥပဒေနှင့်မညီညွတ်သော အမည်ခံဒါရိုက်တာများ ခန့်အပ်ခြင်းကို လုံးဝခွင့်ပြုမည် မဟုတ်ကြောင်း သိရသည်။

ထို့အပြင် ကုမ္ပဏီများအနေဖြင့် မိမိတို့၏ ကုမ္ပဏီတွင် ပါဝင်သူများအား အမည်ခံ ရှယ်ယာရှင်အနေဖြင့် ထားရှိခြင်း ကိုလည်း လုံးဝခွင့်ပြုတော့မည်မဟုတ်ကြောင်း ရင်းနှီးမြှုပ်နှံမှုနှင့်ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာနက အဆိုပါ ထုတ်ပြန်ချက် တွင် ထည့်သွင်းဖော်ပြထားသည်။

ကုမ္ပဏီများအနေဖြင့် မှတ်ပုံတင်အရာရှိထံ တင်ပြထားသည့် ကုမ္ပဏီတွင် ပါဝင်သူများ၏ မှတ်ပုံတင်စာရင်းတွင် ပါဝင်သူ များကိုသာ အမှန်တကယ်အကျိုးခံစားခွင့်ရှိသူအဖြစ် သတ်မှတ်မည်ဖြစ်ကြောင်းလည်း ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာနက အသိပေးထားသည်။ အချို့နိုင်ငံများတွင် အမည်ခံရှယ်ယာရှင်များဖြင့် မှတ်ပုံတင်ခွင့်ပြုထားပြီး အကျိုးခံစားခွင့်ရှိသူ ပိုင်ရှင်ကို သီးခြားဖော်ပြသည့်စနစ်မျိုး ကျင့်သုံးလျက်ရှိသော်လည်း မြန်မာနိုင်ငံအနေဖြင့် ထိုသို့သောစနစ်မျိုးကို ခွင့်ပြုမည် မဟုတ်ကြောင်းလည်း သိရသည်။

အဆိုပါ အမိန့်ညွှန်ကြားချက်များသည် စတင်ကြေညာသည့် ဇန်နဝါရီလ (၁၇) ရက်မှစတင်ကာ အသက်ဝင်မည် ဖြစ်ကြောင်းလည်း ရင်းနှီးမြှုပ်နှံမှုနှင့်နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာနလက်အောက်ရှိ ရင်းနှီးမြှုပ်နှံမှုနှင့်ကုမ္ပဏီများ ညွှန်ကြားမှုဦးစီးဌာနမှ သိရသည်။

**Source: Popular News Journal**

## STOCK EXCHANGE (20.1.2023)

YANGON STOCK EXCHANGE

Home | About YSX | Main Board (MB) | Pre-Listing Board (PLB)

Home > Main Board > Market Data > Stock trading data

### Stock trading data

As of 20th Jan. 2023

**Total Trading** [Continuous trading + Block trading]

| Trading Volume | Trading Value |
|---|---|
| 10,220 (Shares) | 59,047,100 (MMK) |

**Stock trading**

| Name | Code | Close | Change | % Change | Open | High | Low | Trading volume | Trading value (MMK) | No. of listed shares | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|---|
| FMI | 00001 | 8,600 | +0 | +0.00% | 8,600 | 8,600 | 8,600 | 129 | 1,109,400 | 33,109,694 | 284,743 |
| MTSH | 00002 | 3,250 | -50 | -1.52% | 3,300 | 3,300 | 3,250 | 1,101 | 3,578,300 | 38,929,150 | 126,520 |
| MCB | 00003 | 7,500 | +0 | +0.00% | 7,500 | 7,500 | 7,500 | 937 | 7,027,500 | 10,400,986 | 78,008 |
| FPB | 00004 | 1,800 | +0 | +0.00% | 1,850 | 1,850 | 1,800 | 2,010 | 3,622,450 | 24,720,530 | 44,497 |
| TMH | 00005 | 2,600 | +0 | +0.00% | 2,600 | 2,600 | 2,600 | 0 | 0 | 12,823,224 | 33,340 |
| EFR | 00006 | 2,650 | -50 | -1.85% | 2,650 | 2,650 | 2,650 | 205 | 543,250 | 19,977,223 | 52,940 |
| AMATA | 00007 | 4,900 | +0 | +0.00% | 4,900 | 4,900 | 4,900 | 238 | 1,166,200 | 10,497,598 | 51,438 |


## Market summary

As of 20th Jan. 2023

### Today's summary

| Index name | Close | Change | % Change | Open | High | Low | Trading volume (shares) | Trading value (MMK) | No. of listed companies | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|
| MYANPIX | 386.00 | -1.69 | -0.44% | 388.40 | 388.40 | 386.00 | 4,620 | 17,047,100 | 7 | 671,486 |

### Index chart




## Market Overview

## Grand Total Trading [Total trading (MB) + Total trading (PLB)]

As of 20th Jan. 2023

| Trading Volume | Trading Value |
|---|---|
| 10,220 (Shares) | 59,047,100 (MMK) |

### Main Board

As of 1:00 pm, 20th Jan. 2023

**Total Trading (MB)** [Continuous trading + Block trading]

| Trading Volume | Trading Value |
|---|---|
| 10,220 (Shares) | 59,047,100 (MMK) |

| MYANPIX | 386.00 ▼ 1.69 |
|---|---|
| Total Volume (shares) | 4,620 |
| Total Value (MMK) | 17 mil |
| Listed Company | 7 |
| Market Cap. (MMK) | 671,486 mil |

| Name | Code | Price | Change |
|---|---|---|---|
| FMI | 00001 | 8,600 | ▲ 0 |
| MTSH | 00002 | 3,250 | ▼ 50 |
| MCB | 00003 | 7,500 | ▲ 0 |
| FPB | 00004 | 1,800 | ▲ 0 |
| TMH | 00005 | 2,600 | ▲ 0 |
| EFR | 00006 | 2,650 | ▼ 50 |
| AMATA | 00007 | 4,900 | ▲ 0 |